Australian Aid

World Vision



# ယုံကြည်ချက် လမ်းစဉ်အသစ်

The Vanguard Series

# ယုံကြည်ချက်လမ်းစဉ်အသစ်




The Vanguard Series

မြမြဟာ သူမရဲ့တံခါးကို  ကသုတ်ကရုတ် ခေါက်နေတဲ့အတွက်
ကြောင့် ရုတ်တရက် လန့်သွားခဲ့တယ်။ ညနက်နေပြီဖြစ်တဲ့အတွက်
သူမဆီကို ဧည့်သည်လာမယ်လို့ မျှော်လင့်မထားပါဘူး။

ဒါကြောင့် “ဘယ်သူလဲ” လို့ မြမြမေးလိုက်တယ်။

“ကျွန်မကို ကူညီပါ၊  ကျွန်မအမေ မတွေ့အောင်
ပုန်းဖို့နေရာလိုနေလို့ပါ၊” လို့ တောင်းပန်တဲ့အသံနဲ့
ပြန်ဖြေလာခဲ့တယ်။







မြမြဟာ တံခါးကို မြန်မြန်ဖွင့်ပေးလိုက်တဲ့အခါမှာတော့ မကြာသေးခင်ကမှ မျက်နှာချင်းဆိုင်အိမ်ကို ပြောင်းလာတဲ့ မိသားစုက စန္ဒာကို တွေ့လိုက်ရတယ်။

"မင်းဘာလို့ မင်းအမေမတွေ့အောင် ပုန်းနေချင်ရတာလဲ" လို့ မြမြက စန္ဒာကို မေးလိုက်တယ်။

"အမေက ကျွန်မကို ယောက်ျားတစ်ယောက်နဲ့ အတင်းအိပ်ခိုင်းဖို့ ထပ်ကြိုးစားနေလို့ပါ၊" လို့ စန္ဒာကပြောပြီး ငိုနေပါတယ်။ "ကျွန်မက အနိုင်ကျင့်ခံရမှာကိုကြောက်တယ် ပြီးတော့ ကိုယ်ဝန်လည်းမရချင်ပါဘူး။"









စန္ဒာရဲ့အသက် ၁၃ နှစ်ဘဲရှိသေးတယ်။ စန္ဒာရဲ့အဖေက သူတို့မိသားစုကို ထားသွားပြီးနောက် အမေက သူတို့ညီအစ်မတွေကို ဂင်ငွေရှာဖို့အတွက် အသုံးချနေပါတယ်။ သူတို့ထိုင်းကို မရောက်ခင်နေရာတော်တော်များ မှာနေထိုင်ခဲ့ပါတယ်။ ဘယ်နေရာဘဲရောက်ရောက် အမေက သူတို့ ညီအစ်မတွေကို ယောကျ်ားတွေနဲ့ အတင်းအိပ်ခိုင်းပါတယ်။ စန္ဒာပြောပြ ချက်အရ သူတို့မိသားစုဟာ တရားမဝင်ရွှေ့ပြောင်းသူတွေလို့ မြမြ သိလိုက်ရတယ်။


မြမြ ကြောက်လန့်သွားခဲ့တယ်။ စန္ဒာကို သနားသွားပြီး သူမရဲ့အိမ်မှာ တစ်ညပေးနေလိုက်တယ်။ မြမြဟာ စန္ဒာရဲ့အမေနဲ့ စကားပြောချင်ပေမယ့် မြမြရဲ့ယောကျ်ားက သူမကိုဝင်မပါဖို့ ပြောခဲ့တယ်။ မြမြဟာ သူ့ယောကျ်ား ပြောစကားကို နားထောင်ပေမယ့် စန္ဒာကို အမြဲစောင့်ကြည့်နေတယ်။

မြမြဟာ အိမ်နီးချင်းမြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားတွေ အကြောင်းသိရှိလာရတယ်။ ရွှေ့ပြောင်းအလုပ်သမားများဟာ မြမြ တို့ရဲ့ရွာကို အလုပ်ရှာဖို့ တိတ်တဆိတ်ဝင်ရောက်လာတတ်တယ်။ မြမြဟာ ရွာသားတွေ သူတို့ရွာကိုစွန့်ခွာပြီး အနီးအနားမြို့တွေကို သွားရောက်ပြီး တရားမဝင်အလုပ်လုပ်ကိုင်နေတာကို သတိပြုမိတယ်။ ဒါပေမယ့် သူမဟာအဲဒီလူတွေနဲ့ စကားပြောဖို့ စိတ်မဝင်စားခဲ့ပါဘူး။

မြမြဟာ ရွာထဲမှာရှိတဲ့လူငယ်တွေအတွက် ဥယျာဉ်စိုက်ပျိုးခြင်းနဲ့ ချက်ပြုတ်နည်းသင်တန်းကို အလုပ်ရှုပ်တဲ့ကြားက သင်ကြားပေးပါ တယ်။ လူငယ်တွေကိုလဲ ကျောင်းအားတဲ့အချိန်တွေမှာ ပြဿနာတွေ ကြားထဲမဝင်မိစေဖို့ အလုပ်များနေအောင် ဥယျာဉ်စိုက်ပျိုးခြင်းနဲ့ ချက်ပြုတ်ခြင်းတွေကို ပြုလုပ်စေခဲ့ပါတယ်။ မြမြဟာ သူ့ရဲ့အားလပ် ချိန်တွေမှာလည်း ကလေးတွေကို ရိုးရာအကနဲ့ ဒရမ်တီးခြင်းတွေကို သင်ကြားပေးပါတယ်။








တစ်နေ့မှာ ဝေါလ်ဗီရှင်ဝန်ထမ်းတစ်ဦးဟာ မြမြအိမ်ကို ရောက်လာခဲ့ပါတယ်။ မြမြတို့ရွာမှာ လူကုန်ကူးခြင်းအကြောင်းအရာနဲ့ လုံခြုံသော ရွှေ့ပြောင်းသွားလာခြင်းအသိပညာကို ကူညီမြှင့်တင်ပေးနိုင်မယ့် စေတနာ့ဝန်ထမ်းကို လိုက်ရှာနေပါတယ်။ ဝေါလ်ဗီရှင်ဂန်ထမ်းက လူကုန်ကူးခြင်းကို ဘယ်လိုသတ်မှတ်မလဲ၊ ကာကွယ်တားဆီးနိုင်မလဲ၊ ပြီးတော့ ဘယ်လိုတုန့်ပြန်မလဲ ဆိုတာတွေကိုရှင်းပြခဲ့တယ်။ မြမြဟာ မျက်နှာချင်းဆိုင် လမ်းက စန္ဒာကို သတိရသွားပြီးတော့ လူကုန်ကူးခြင်းနဲ့ ရွှေ့ပြောင်းသွားလာခြင်းကိစ္စများတွေကို ပိုပြီးသိချင်လာတယ်။


မြမြဟာ လူကုန်ကူးခြင်းကိစ္စတွေ၊ အလုပ်သမားဥပဒေများနဲ့ လုံခြုံတဲ့ ရွှေ့ပြောင်းသွားလာခြင်းတွေကို ပိုပြီးသင်ယူနိုင်ဖို့အတွက် သင်တန်းတွေ တက်ရောက်ခဲ့ပါတယ်။ လူတွေရပ်ရွာကထွက်ခွာပြီး အခြားနေရာများကို အလုပ်သွားလုပ်ခြင်းကြောင့်တွေ့ကြုံရတဲ့ စိန်ခေါ်မှုတွေနဲ့ အန္တရာယ်တွေအကြောင်း ပိုပြီးသိလာခဲ့တယ်။



မြမြဟာ သင်တန်းကနေ ပိုပြီးလေ့လာသင်ယူရတဲ့အတွက် ရွှေ့ပြောင်းသွားလာသူများတွေကို ဂင်ငွေရရှိနိုင်တဲ့ အရည်အချင်းသစ်တွေကိုသင်ကြားပေးနိုင်ကြောင်းနဲ့ ဒါမှသာ သူတို့နေအိမ်ကနေထွက်ခွာပြီး အလုပ်ရှာဖွေဖို့ မလိုအပ်တော့ကြောင်း သဘောပေါက်လာပါတယ်။

"ငါ သူတို့ကို ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း (သို့) ဟင်းချက်နည်းများသင်ပေးနိုင်တယ်၊ ဒါတွေကိုရောင်းရင် သူတို့ပိုက်ဆံရမယ်။ ဒါမှတစ်ခြားနေရာကို အလုပ်ရှာဖို့ မသွားရတော့မှာ" လို့ မြမြတွေးတောနေမိတယ်။ မြမြဟာလူငယ်များကို ဖိတ်ခေါ်ပြီး ဥယျာဉ်ခြံစိုက်ပျိုးနည်းနဲ့ ချက်ပြုတ်နည်းသင်တန်းတွေကို သင်ကြားပေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။







တစ်နေ့မှာ မြမြဟာ လမ်းတစ်ဖက်မှာနေတဲ့ စန္ဒာရဲ့အမေနဲ့ ကိုယ့်ကိုယ်ကို မိတ်ဆက်ဖို့ ဆုံးဖြတ်လိုက်တယ်။ မကြာမီပါဘူး သူမတို့သူငယ်ချင်းတွေ ဖြစ်သွားကြတယ်။ မြမြဟာသူမကို မိသားစုအတွက် အခြားဖြစ်နိုင်တဲ့ဝင်ငွေ ရတဲ့နည်းလမ်းတွေကို စဉ်းစားဖို့ စိတ်ဓါတ်မြှင့်တင်ပေးခဲ့တယ်။ စန္ဒာရဲ့ အမေကို သူ့အိမ်မှာ မီးပူတိုက်ပေးဖို့နဲ့ ချက်ပြုတ်နည်းသင်တန်းကို လာတက်ဖို့ဖိတ်ခေါ်လိုက်တယ်။

"ဒီနေ့ ကျွန်မရှင့်ကို အကြော်စုံကို ဘယ်လိုကြော်ရတယ်ဆိုတာ သင်ပေးမယ်" လို့ စန္ဒာရဲ့မိခင်ကို ပြောပြတယ်။ "ဒီဟာတွေက လုပ်ရတာအရမ်းလွယ်ပြီး ရောင်းလို့လဲရတယ်လေ။"

မြမြဟာ စန္ဒာကို သူမနဲ့ အသက်အရွယ်တူတဲ့ ကလေးတွေနဲ့ တွေ့ဆုံနိုင်ဖို့ ဘဂတွက်တာ ကျွမ်းကျင်စရာသင်တန်းကို ခေါ်လာခဲ့တယ်။





စန္ဒာရဲ့မိခင်ဟာ ဒီလိုလှုပ်ရှားမှုတွေမှာ ပါဝင်လာတာနဲ့အမျှ မျက်နှာချင်းဆိုင်အိမ်က အော်ဟစ်ဆူပူမှုတွေ၊ ရန်ဖြစ်တာတွေလည်း နည်းလာပါတယ်။ တစ်နေ့မှာ စန္ဒာရဲ့ဖခင်က ရွာကိုရောက်လာပြီး မိသားစုနဲ့ ပြန်ပေါင်းစည်းကာ တစ်ခြားရွာကို ပြောင်းရွှေ့သွားပါတယ်။

မြမြဟာ စန္ဒာရဲ့မိသားစုထံက နောက်ထပ်ဘာသတင်းမှ မကြားရတော့ပါဘူး။ "သူတို့ကို သင်ပေးလိုက်တဲ့ အရာအားလုံးကို မှတ်မိမယ်လို့ ကျွန်မမျှော်လင့်ပါတယ်၊" လို့ မြမြတွေးနေမိတယ်။ "စန္ဒာရဲ့မိခင်ဟာ ကျွန်မရဲ့ ဟင်းချက်သင်တန်းကနေ သင်ယူခဲ့သမျှကို အသုံးပြုပြီး ပိုက်ဆံရှာမယ်လို့ ကျွန်မတကယ့်ကို မျှော်လင့်မိပါတယ်။"



မြမြဟာ အိမ်မှာ ဟင်းချက်သင်တန်းတွေကို ဆက်လက်သင်ကြားနေပြီး ကလေးငယ်တွေနဲ့မိဘတွေကိုလည်း ဥယျာဉ်စိုက်ပျိုးခြင်းနဲ့ ပါက်သက်ပြီး သင်ကြားပေးပါတယ်။ မြမြရဲ့သင်တန်းမှာလည်း ဥယျာဉ်စိုက်ပျိုးခြင်းနဲ့ ဟင်းချက်နည်းတွေအပြင် မိဘတွေနဲ့ကလေးတွေကို လူကုန်ကူးခြင်းနဲ့ မြို့ကြီးတွေမှာ အလုပ်လုပ်ခြင်းကြောင့် တွေ့ကြုံနိုင်မယ့် အန္တရာယ်တွေကို လည်း သင်ကြားပေးနေပါတယ်။



